ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကမာလမ်းကျေးရွာ၊ ကမာကလုတ်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ......................................................................................................... ၂

၂။ကမာကလုတ်ကျေးရွာအုပ်စုမြေပုံ ................................................................................................. ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.................................................... ၄

၄။ကျေးရွာအခြေခံအချက်အလက်များ.............................................................................................. ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....................၁၇

၈။ ကျေးရွာကော်မတီဝင်များစာရင်း..............................................................................................၁၉


၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ........................................................................................၂၀

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .......................................................................၂၃


၁၁။အစည်းအဝေးမှတ်တမ်းများ...........................................................................................................၂၆

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)................................................၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကမာကလုတ်ကျေးရွာအုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ကမာလမ်းကျေးရွာ

၂။ကမာကလုတ်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကမာလမ်းကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့တောင်ဘက် (၃၁)မိုင် တွင်တည်ရှိပါသည်။ အိမ်ခြေ (၁၁၂) အိမ်၊ အိမ်ထောင်စု (၁၁၅)စု၊ လူဦးရေ (၃၈၆)ဦး ရှိပါသည်။ တောင်ဘက်တွင် တော်ကလုတ်ကျေးရွာ၊ မြောက်ဘက်တွင် ကမာကလုတ်ကျေးရွာ၊ အနောက်ဘက်တွင် ဖွဲဘာကုန်းတန်း ကျေးရွာတို့နှင့်ထိစပ်လျက်ရှိပါသည်။ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

ကမာလမ်းကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက မွန်လူမျိုးများက စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာအရှေ့ထိပ်တွင် ရေကန်တစ်ကန်တည်ရှိပြီး ထိုရေကန်၏အမည်မှာကမာနတ်ကန်ဟုခေါ်ပါသည်။ရေကန်ကိုအစွဲပြု၍ ကမာလမ်းဟုခေါ်ဆိုကြောင်းသိရှိရပါသည်။

ကမာလမ်းကျေးရွာမှ ကျောက်တန်းမြို့သို့ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် ရာသီမရွေး သွားလာနိုင် ပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| - | - | - | - | - |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၂ | ၁၈ | ၁၂ | ၃၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | | |
| | ဘဲ | | |
| | ဆိတ် | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၀၀ | ၃၀ | - | - | ၃ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၁၂ | - | - | - | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၀ | ၇၂ | ၈၀ | ၅၂ | ၃၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၅၅ | ၃၀ | ၂၂ | ၁၉ | ၃၂ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅ | ၇ | ၁၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၄ | ၈ | ၁၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝမ်းစာဖူလုံမှု |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက် | ၄-၂-၂၀၁၇ | အလွန်ပြေလည်၊ ပြေလည်၊နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၄ | ၈ | ၁၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၃-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၅ | ၇ | ၁၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၄-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄ | ၈ | ၁၂ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅ | ၇ | ၁၂ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ  သုံးသပ်ချက်။




### သုံးသပ်ချက်

ကမာလမ်းကျေးရွာတွင် ကျောက်တန်းမြို့၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး ကမာကလုတ်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ကျေးရွာတွင်းလမ်းအများစုမှာမြေသားလမ်းများဖြစ်ပြီး ကွန်ကရစ်လမ်းအနည်းငယ်သာရှိသည်။ ကျေးရွာတွင်မူလတန်းကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စေတီ၊ စက်ရေတွင်း၊ ဝန်ထမ်းအိမ်ရာ၊ ရေသိုလှောင်ကန်တို့ရှိပါသည်။ ကျေးရွာ၏ရွာလယ်တွင်ချောင်းရှိပြီး ထိုချောင်းကိုဖြတ်၍ဆက်သွယ်ထားသော တံတားများလည်းရှိပါသည်။ ထိုတံတားလေးများသည်ပျက်ဆီးနေပါသဖြင့်ပြုပြင်ရန်လည်းလိုအပ်နေပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် သုသာန်ရှိပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုဇယား


ကမာလမ်းကျေးရွာ ၊ ကမာကလုတ်ကျေးရွာအုပ်စု    ၃.၂.၂၀၁၇

| စဉ် | အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | အလယ်အလတ်တော | ဆိုင်ကယ်၊ လယ်၂၀ ကေအောက်ကွဲ၊ နွား၊ ဆိတ်၊ ကွန်ဒေါင်း၊ တီဗွီ၊ ရွှေနွားပုံ၊ ဖုန်း၊ သွပ်မိုး၊ ပျဉ်ကာ | ၁၀၀ | ၂၆% |
| ၂။ | အနွမ်းပါး | ကြက်၊ ဝက်၊ ဓနိမိုး၊ ထရံကာ၊ ဖုန်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ကယ်ရီဆွဲ၊ ဈေးရောင်း၊ လယ်၁၀ ကေအောက်၊ | ၁၂၀ | ၃၁% |
| ၃။ | အရမ်းနွမ်းပါး | ဓနိမိုး၊ ဓနိကာ၊ လက်လုပ်လက်စား၊ ပဲခူးလုပ်သား၊ | ၁၆၆ | ၄၃% |
| | | | ၃၈၆ | ၁၀၀% |

### သုံးသပ်ချက်

ကမာလမ်းကျေးရွာတွင် အလယ်အလတ်ပြေလည်၊ နွမ်းပါး၊ အရမ်းနွမ်းပါးဟူ၍ အဆင့်သတ်မှတ်ချက်(၃)ခု ရှိပါသည်။ အလယ်အလတ်ပြေလည်တွင် လယ်ကေ(၂၀)အောက်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား၊ ဆိတ်၊ ကွန်ဒေါင်းစက်၊ တီဗွီ၊ ရွှေနွားပုံ၊ ဖုန်း၊ သွပ်မိုး၊ ပျဉ်ကာတို့ကိုပိုင်ဆိုင်ကြသည်။ နွမ်းပါးသောအိမ်ထောင်စုများမှာ ကြက်၊ ဝက်၊ ဓနိမိုး၊ ထရံကာ၊ ဖုန်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ကယ်ရီဆွဲ၊ ဈေးရောင်း၊ လယ်(၁၀)ကေအောက်တို့ကိုပိုင်ဆိုင်ကြသည်။ အရမ်းနွမ်းပါးသောအိမ်ထောင်စုများမှာ ဓနိမိုး၊ ဓနိကာ၊ လက်လုပ်လက်စား၊ ပဲခူးလုပ်သားများဖြစ်သည်။ နွမ်းပါးရခြင်းမှာ မြေယာပိုင်မရှိခြင်း အလုပ်ပုံမှန်မရှိခြင်း အရင်းနှီးမရှိခြင်း မိသားစုများခြင်းတို့ကြောင့်ဖြစ်သည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** နယုန်လတွင်ပျိုးကြဲ၊ ဝါဆို၊ ဝါခေါင်လများတွင်စိုက်ပျိုးပြီး တော်သလင်းလတွင်မြေဆီကျဲ၊ တန်ဆောင်မုန်းလတွင်ရိတ်သိမ်းကြသည်။ နတ်တော်လတွင်ပဲတီစိမ်းကိုစိုက်ပျိုးကာနတ်တော်လ နှင့်ပြာသိုလများတွင်ဆေးဖျန်း ပြီးတပိုတွဲလတွင် ခူးဆွတ်ကြပြီးတပေါင်းလတွင်ငွေပေါ်ပါသည်။

**ရာသီဥတုအခြေနေ** တန်ခူး၊ ကဆုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပိုတွဲ၊ တပေါင်းလ များတွင်နေသာပြီး နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများသည်မိုးရွာသော ကာလများ ဖြစ်သည်။

**ကျန်းမာရေး** ကျန်းမာရေးအနေဖြင့် ရာသီအကူးပြောင်းများတွင်နာစေး၊ ချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျှော များ ဖြစ်တတ်ပြီး ကျန်လများတွင်အနည်းငယ်မျှသာဖြစ်လေ့ရှိသည်။


**ပွဲတော်များ** ပွဲတော်များမှာတန်ခူးလတွင်သင်္ကြန်ပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ ဝါခေါင်လ တော်သလင်းလ များတွင်ဥပုသ်စောင့်၍ သီတင်းကျွတ်လ တွင်ဘုရားပွဲ၊ တန်ဆောင်မုန်းလများတွင် ကထိန်ပွဲများ ကျင်းပလျှက်ရှိပါသည်။

**အားလပ်ရက်** ကဆုန်လနှင့် နတ်တော်လများတွင် အလုပ်အားလပ်တတ်ကြပြီး ကျန်သောလများတွင် အားလပ်ရက်မရှိသလောက်ဖြစ်ပါသည်။

**မွေးမြူရေး** ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်တို့ကို ရာသီပတ်လည် တွင်တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။

**ဝင်ငွေ၊ ထွက်ငွေ** တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် ဝင်ငွေများပြီး ထွက်ငွေနည်းပါသည်။ ကျန်လများတွင် ဝင်ငွေနည်းပြီး ထွက်ငွေများပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။င်း**



### သုံးသပ်ချက်

ကျေးရွာအတွင်း ရှိသောအဖွဲ့အစည်းများမှာ ဂေါပကအဖွဲ့၊ နာရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးနှင့် ပူးပေါင်းချိတ်ဆက်ကာကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်။ စာသင်ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည်လည်း ကျေးရွာပညာရေးတိုးတက်မှုများအတွက် ကျေးရွာလူထု အုပ်ချုပ်ရေးတို့နှင့်ပူးပေါင်း၍ညီညွတ်စွာဆောင်ရွက်ကြသည်။ မြို့နယ်အဖွဲ့အစည်းများဖြစ်သော မြစိမ်းရောင် စိုက်ပျိုးရေးဘဏ်တို့သည်ကျေးရွာ အုပ်ချုပ်ရေးနှင့်ချိတ်ဆက်ကာ ငွေစုငွေချေးခြင်းများကို ကျေးရွာတိုးတက်ရေးအတွက်ဆောင်ရွက်နေကြသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည် အပြင်ထွက်ငွေရှာနေရခြင်း များကြောင့်အိမ်အလုပ်များတွင်ပါဝင်မှုနည်းနေခြင်း အမျိုးသမီးများသာလုပ်ကိုင်ဆောင်ရွက်နေရခြင်းကြောင့်ကွာခြားမှုရှိနေပါသည်။

**ဦးဆောင်နိုင်မှု** အမျိုးသမီးများသည် အမျိုးသားများထက်ဦးဆောင်နိုင်မှုနည်းနေကြောင်းတွေ့ရသည်။ အမျိုးသားများသည် အများအားဖြင့်ငွေရှာသူများ၊ အိမ်ဦးနတ်ဆိုသောရှေးရိုးစွဲအစဉ်လာများ ကွာခြားနေရခြင်းဖြစ်သည်။

**အရင်းမြစ်သုံးစွဲမှု** အရစ်းမြစ်အသုံးချမှုတွင် အမျိုးသားများသည်သဘာဝအရင်းမြစ်များကိုအသုံးပြုပြီး စီးပွားရှာရခြင်းကြောင့်အမျိုးသမီးများထက်သာနေရခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်ချမှု** ဆုံးဖြတ်ချက်ချမှုတွင်အမျိုးသား အမျိုးသမီးတန်းတူဆုံးဖြတ်ချက်ချနေကြောင်းတွေ့ရသည်။


**ပညာသင်ကြားခွင့်** ပညာသင်ကြားခွင့်တွင်အမျိုးသမီးနှင့်အမျိုးသားများတန်းတူအခွင့်ရေးရရှိကြသည်။


**ဝင်ငွေရရှိမှု** ဝင်ငွေရရှိမှုတွင်အမျိုးသားများမှာသာနေကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများမှာပိုက်ဆံရှာသူများဟုအားလုံးကသတ်မှတ်ကြပြီး အမျိုးသမီးများမှာငွေထိန်းသိမ်းသူများဖြစ်သောကြောင့်ဖြစ်သည်။

**သာရေးနာရေး** ကျေးရွာတွင်အမျိုးသား အမျိုသမီးများမှာကျေးရွာဖွံ့ဖြိုးတိုးတက်ရေးများအတွက် အားတက်သရောတက်ကြွစွာပါဝင်မှုကြောင့်တန်းတူညီမျှဖြစ်နေကြောင်းတွေ့ရသည်။

**ဘဝလုံခြုံမှု** အမျိုးသားများသည် အမျိုးသမီးများထက်အားသာနေကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများမှာအားနည်းခြင်း၊ လုံခြုံမှုနည်းခြင်း၊ ပတ်ဝန်းကျင်မှသတ်မှတ်ချက်များကြောင့်ဖြစ်သည်။

## ၆။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။



**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော အုပ်ချုပ်ရေးမှူးရုံး၊ EPC ရုံး၊ တံတား၊ ချောင်း၊ မြောင်း၊ လမ်း၊ သိမ်၊ အမှိုက်ကန်တို့ကိုအမျိုးသားများကထိန်းချုပ်ထားပြီး အမျိုးသမီးများသည် မူကြို ကျောင်းကိုထိန်းချုပ်ကြသည်။ ဘုန်းကြီးကျောင်း၊ စာကြည့်တိုက်၊ လမ်း၊ စေတီ၊ ဆေးပေးခန်း၊ ရေကန်တို့ကိုအမျိုးသားအမျိုးသမီးအတူတူထိန်းချုပ်ကြသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ချောင်း၊ မြောင်း၊ သိမ်၊ လယ်၊ အမှိုက်ကန်၊ စေတီ၊ EPC ရုံး၊ အုပ်ချုပ်ရေးမှူးရုံးတို့ကိုအမျိုးသားများကအသုံးပြုကြပြီး အမျိုးသမီးများသည် ဆေးပေးခန်း၊ စာကြည့်တိုက်တို့ကိုအများဆုံးအသုံးပြုကြသည်။ စာသင်ကျောင်း၊ ရေကန်၊ ဘုန်းကြီးကျောင်း၊ လမ်း၊ တံတား၊ မူကြိုကျောင်းတို့ကိုစုပေါင်းသုံးစွဲကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အား ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြော ကြား မှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက်ကော်မတီများထဲတွင် အမျိုးသမီးများ အချိုးညီစွာပါဂင်နိုင်ပြီး အားလုံးတက်ညီလက်ညီပါဂင်လာနိုင်ရန်လည်းစည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ထို့နောက် အမျိုးသမီးများ၏အခက်အခဲ၊ မျှော်မှန်း ချက်များကို လည်း အမျိုးသမီးသီးသန့်အဖွဲ့လိုက်ခွဲ၍ ပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးများ၏ လက်တွေ့ရင်ဆိုင် နေရသော အခက်အခဲများကိုလည်းလွတ်လပ်စွာပြောဆိုနိုင်ပြီနိုင်ကြောင်း နှင့်အမျိုးသာများကလည်းဝိုင်းဂန်း ကူညီပေး ကြပါရန်ကိုလည်းပြောကြားခဲ့သည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီး ပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုး သား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်း | √ | | |

| | | | | |
|---|---|---|---|---|
| | နိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူ နည်း စု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါ သလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးများအုပ်စု မှတ်တမ်းတင်ဓာတ်ပုံ



အမျိုးသားများအုပ်စု  မှတ်တမ်းတင်ဓာတ်ပုံ



စေတနာ့ ဂန်ထမ်းရွေးချယ်ခြင်းမှတ်တမ်းတင်ဓာတ်ပုံ



## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးငွေအောင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အေးမင်းသန်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးသန်းဇော် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်အေးစန္ဒာမိုး | က | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးအုံးဂင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဒေါ်သီတာဂင်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးတင့်လွင်ဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ဝင်းဝင်းမာ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးပါ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်ခင်အေးဝင်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးကျော်ဇင်ဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ချိုချိုမာ | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးဇော်မင်း | ကျား | ကျေးရွာငွေစာရင်းကိုင် |

**စုစုပေါင်း။ (၁၄) ယောက် ကျား-၈ ယောက် + မ-၆ ယောက်**

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်အေးမင်းသန်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ
၂။ဦးငွေအောင် ဘဏ္ဍာရေးဥက္ကဋ္ဌ
၃။ဦးကြည်ရွှေ ဘဏ္ဍာရေးအဖွဲ့ဂင်

**မှတ်တမ်းတင်သူ**
အမည်။ဒေါ်မို့မို့အိဇာလင်း
ရာထူး။ လူထုစည်းရုံးရေးမှူး
နေ့စွဲ။ ၁၁.၄.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးအောင်အေး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-262088201 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်မို့မို့ဟိန်းလင်း |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ကမာကလုတ် | ကျေးရွာ ကမာလမ်း |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ----- | ၁၁၅ | ဘာသာ (၁) --ဗုဒ္ဓ----- | ၁၁၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၂၁ | ၂၄၅ |
| လူမျိုးစု (၁) ဗမာ----- | ၁၂၁ | ၂၆၅ |
| လူမျိုးစု (၂)---------- | | - |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၅ | ၃၀ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း **ကွန်ကရစ်လမ်း** မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၃-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၅ မိနစ်--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------နိဂရိ---------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ဂေါပက---------------------

(၂) ---နာရေးကူညီမှု------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်အေး

လက်မှတ် [signature] နေ့စွဲ ၂၊၂၊၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မိုမို့အိအာလင်း

လက်မှတ် [signature] နေ့စွဲ ၂၊၂၊၂၀၁၇

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - ဒေါ်မို့မို့အိရာလင်း | |
| နေ့စွဲ ၅ . ၂ . ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း ကျေးရွာအုပ်စု ကမာကသည် ကျေးရွာ ကမာလမ်း |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုး~~သား~~အဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စားဖို့နေရေးခက်ခဲခြင်း | ၁ | သွားလာရေးခက်ခဲခြင်း |
| ၂ | ငွေကြေးခက်ခဲခြင်း | ၂ | ပညာရေးခက်ခဲခြင်း |
| ၃ | မြေယာမရှိခြင်း | ၃ | အသက်မွေးဝမ်းကျောင်းပညာမရှိခြင်း |
| ၄ | မြေနေရာမရှိခြင်း | ၄ | ကျန်းမာရေးခက်ခဲခြင်း |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းခက်ခဲခြင်း | ၅ | ရင်းနှီးမတည်ငွေမရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုး~~သား~~အဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ပညာရေးကောင်းမွန်စေရန် | ၁ | ~~လမ်းကြီး~~ ကြီးကောင်းကောင်းဖြစ်ခြင်း |
| ၂ | တံတားကောင်းမွန်ရန် | ၂ | လျှပ်စစ်မီးရရှိရန် |
| ၃ | သောက်သုံးရေရရှိစေရန် | ၃ | ပညာတတ်များတိုးတက်လာစေရန် |
| ၄ | ဆိုလာမီးရရှိရန် | ၄ | ဆေးပေးခန်းရရှိရန် |
| ၅ | ချောင်းဖြန့်ရည်တူးဖော်စေရန် | ၅ | အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ကမာလမ်းတောင်ပိုင်းလမ်း | အမျိုးသား/အမျိုးသမီး | 8000000 | ၃၈၆ |
| ၂။ | ကမာလမ်းရွာအဝင်လမ်း | အမျိုးသား/အမျိုးသမီး | 16600 000 | ၃၈၆ |
| ၃။ | စာသင်ကျောင်းဖြံ့/ကလေးကစားကွင်း | အမျိုးသား/အမျိုးသမီး | 215,00 000 | ၃၈၆ |
| ၄။ | သံကုန်းအရှေ့လမ်း | အမျိုးသား/အမျိုးသမီး | 17000000 | ၃၈၆ |
| ၅။ | ကမာလမ်းတောင်ပိုင်းတံတား | အမျိုးသား/အမျိုးသမီး | 18000000 | ၃၈၆ |
| ၆ | ကမာလမ်းမြောက်ပိုင်းတံတား | အမျိုးသား/အမျိုးသမီး | 21000000 | ၃၈၆ |
| ၇။ | ကမာလမ်းမြောက်ပိုင်းလမ်း | အမျိုးသား/အမျိုးသမီး | 3262500 | ၃၈၆ |
| ၈။ | သံကုန်းတံတားပြုပြင် | အမျိုးသား/အမျိုးသမီး | 2000000 | ၃၈၆ |
| ၉။ | သံကုန်းမီးတိုင်ဆိုလာမီး | အမျိုးသား/အမျိုးသမီး | 1500000 | ၃၈၆ |
| ၁၀။ | သံကုန်းရေကန်တူးဖော် | အမျိုးသား/အမျိုးသမီး | 1800000 | ၃၈၆ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၁ | ကျေးရွာ ဆက်လမ်း ကောင်းရန် | အမျိုးသား / အမျိုးသမီး | |
| ၂ | ကာကလမ်း ဆေးပေးခန်း ဆောက် | အမျိုးသား / အမျိုးသမီး | |
| ၃ | သံကုန်း စာသင်ကျောင်း | အမျိုးသား / အမျိုးသမီး | |
| ၄ | သံကုန်း ဆေးပေးခန်း | အမျိုးသား / အမျိုးသမီး | |
| ၅ | ကာကလမ်း လျှပ်စစ်မီး ရရှိရန် | အမျိုးသား / အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---ဦးငွေအောင်---- လက်မှတ်------------------- နေ့စွဲ---၅.၂.၂၀၁၇--------

| အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက် | အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက် |
|---|---|
| ၆။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်<br>၇။ ကျန်းမာရေးဆေးပေးခန်းရှိရန်<br>၈။ အလုပ်အကိုင်အခွင့်အလမ်းကောင်းရန်<br>၉။ စားဝတ်နေရေးကောင်းမွန်ရန်<br>၁၀။ ဘုန်းတော်ကြီးကျောင်းပြုပြင်ရန်<br>၁၁။ ငွေရှိရန်<br>၁၂။ မီးရှိရန်<br>[illegible] | ၆။ လက်မှုပညာအတတ်ပညာများတတ်မြောက်ရန်<br>၇။ ကျေးရွာရုံးရှိရန် |

| အဆင့် | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁၁။ | သံကုန်းရွာအနောက်လမ်း | အမျိုးသား / အမျိုးသမီး | 2500000 | ၃၈၆ |
| ၁၂။ | ကမာလမ်းရေကန်တူးဖော်ရန် | အမျိုးသား / အမျိုးသမီး | 1500000 | ၃၈၆ |
| ၁၃။ | သံကုန်းအများသုံးအိမ်သာ (မြစ်ကျုံး) | အမျိုးသား / အမျိုးသမီး | 3000000 | ၃၈၆ |

| အဆင့် | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီးများ) | အချိန်ကာလ | |
|---|---|---|---|---|
| ၆။ | ဘုန်းတော်ကြီးကျောင်းယောဂီဆောင်တိုးချဲ့ခြင်း (ကမာလမ်း) | အမျိုးသား / အမျိုးသမီး | | |
| ၇။ | သိမ်နုတ်လမ်းဆက်ရန် (ကမာလမ်း) | အမျိုးသား / အမျိုးသမီး | | |
| ၈။ | ဘုန်းကြီးကျောင်းပြုပြင်ရန် (သံကုန်း) | အမျိုးသား / အမျိုးသမီး | | |
| ၉။ | သိမ်နုတ်လမ်းရှိရန် (သံကုန်း) | အမျိုးသား / အမျိုးသမီး | | |
| ၁၀။ | သံကုန်းဘုန်းကြီးကျောင်းခြံစည်းရိုး | အမျိုးသား / အမျိုးသမီး | | |
| ၁၁။ | သံကုန်းကျေးရွာချောင်းပြန်လည်တူးဖော်ရန် | အမျိုးသား / အမျိုးသမီး | | |

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ကမာလာဝ်းကျေးရွာ |
| ကျေးရွာအုပ်စု | ကမာကလုတ်ကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကမာလာဝ်းကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၃.၉.2017 |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်၊ ပထမအကြိမ် ကျေးရွာအစည်းအဝေးနှင့် စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၃ )ဦး ၊မ ( ၃၀ )ဦး= (၅၃ ) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်း အကြောင်း သိရှိရန် နှင့် အဓိကတာဝန်ရှိသူများ၊ ဝန်ထမ်းများ သိရှိရန် နှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ရန်။

ဆွေးနွေးချက်။ ။ ကျေးရွာရာအိမ်မှူး ဦးအောင်အေးမှ အမှာစကား ပြောကြားခြင်း၊ ကျေးရွာလူထုအား စီမံကိန်းအကြောင်း သိသင့်သည်များ ပြောကြား၍ ကမာလာဝ်းကျေးရွာလူအား ပြောကြားခဲ့ပါသည်။ စည်းရုံးရေးမှူးမှ စီမံကိန်းများ သတ်သည်များ ပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း မိတ်ဆက် (၁၇) ချက်၊ စီမံကိန်းစက်ဝန်း အဆင့် (၁၄) ဆင့် အပိုင်း (၆) ပိုင်း၊ လူထုဗဟိုပြုစီမံကိန်း အဓိကပါဝင်သူများ၏ တာဝန်များနှင့် စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ရွေးချယ်ရာတွင် အမျိုးသားများမှ ဦးကျော်ဇင်ဦး၊ ဦးဘမြင့်၊ ဦးမြအောင် တို့ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး ဦးကျော်ဇင်ဦးမှ မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးများမှ ဒေါ်အေးသန်း၊ ဒေါ်ချိုချိုမာ၊ ဒေါ်သန်းသန်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဒေါ်ချိုချိုမာကို မဲအများဖြင့် ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ကျေးရွာသူ ၊ကျေးရွာသားများကို သဘောတရားနားလည်အောင်ရှင်းလင်းဆွေးနွေးပြီး ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ရာတွင် အားလုံးမှ ဆုံးဖြတ်ချက်၊ သဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့ပါသည်။ အစည်းအဝေးကို (၉) နာရီမှ စတင်၍ (၄) နာရီတွင်ပြီးဆုံးအောင်လုပ်ခဲ့ရာတွင် ကျေးရွာလူထု သဘောဆန္ဒဖြင့် လုပ်ကိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် -

အမည် - ဦး.ခင်အောင်

ရာထူး - ကျေးရွာသား

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ကမာကသစ်ကျေးရွာ |
| ကျေးရွာအုပ်စု | ကမာကလက်ကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကမာကသစ်ကျေးရွာ ဘုန်းကြီးကျောင်း စန္ဒာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | 5.2.2017 |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ဒုက္ခသည်အကြောင်း အစည်းအဝေး၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းနှင့် ကော်မတီဖွဲ့ခြင်း |
| အစည်းအဝေးတက်ရောက်သူဦးရေ။ | ။ကျား (၁၉)ဦး ၊မ (၃၅)ဦး= (၅၄) ဦး |

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာလုပ်ငန်းခွဲများ ထွက်ပေါ်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော်ရန် အတွက် ကျေးရွာလူထုကို ရှင်းလင်းပြခဲ့ပါသည်။

ဆွေးနွေးချက်။ ။ ကျေးရွာလူထု၏ အခက်အခဲ၊ ပြဿနာများကို အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ ခွဲ၍ ဆွေးနွေးခဲ့ပါသည်။ မျှော်မှန်းချက်များကိုလည်း မိမိတို့ကျေးရွာ နောက် (၅) နှစ် အရင် မည်သို့ မျှော်မှန်းသလဲကို မေး၍ ရှင်းပြခဲ့ပါသည်။ အမျိုးသား၊ အမျိုးသမီး တစ်ဖွဲ့စီ စာရွက်ပေါ်တွင် ရေးချခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ တစ်ဖွဲ့စီ တင်ပြ ခိုင်းပါသည်။ အချက်အလက်များကို အမျိုးသား၊ သမီးများက တစ်ဖွဲ့စီ တင်ပြခိုင်းပါသည်။ ဖွံ့ဖြိုးကို တင်ပြပြီး စီမံကိန်းနှင့် အသုံးဝင်ပုံ၊ ... ကို ရှင်းပြခဲ့ပါသည်။ ဖွံ့ဖြိုး ရေးလုပ်ငန်းများ ကျား၊မ နှစ်ဦးအား တစ်ခု တစ်ကြိမ်တည်း ပြန်လည်တင် ပြခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်း အတွက်လည်း ကျေးရွာသား/သူများအား ကျေနပ်မှုရှိမရှိ မေးမြန်းခဲ့ပါသည်။ ရွာလူထုက ကျေနပ်သဖြင့် လုပ်ငန်းစဉ် များ တစ်ခုတည်း ပေါင်းပြီး မဲရွေးချယ်ခဲ့ပါသည်။ မဲရွေးချယ်ရာတွင် ဖွံ့ဖြိုး

ရေးလုပ်ငန်းစဉ် (၂၄) လုပ်ငန်း ထွက်ပါသည်။ ကျေးရွာလူထု၏ မဲပေးမှုဖြင့် အ
များဆုံးရရှိသည့် လုပ်ငန်းကို လုပ်ပါမည်၊ လုပ်မည်ကို ရွေးနှုတ်ပေးခြင်းခံခဲ့ပါသည်။
ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (၁၁) ခု နှင့် (၁၃) ခုကို ရွေးချယ်ခဲ့ပါသည်။ ကော်မတီ
ရွေးချယ်ရာတွင် ကျေးရွာစီ၊ ထောက်ခံ ၅၅ မှ ရွေးချယ်ရာတွင် အမျိုးသား (၃) ဦး အဆို
ပြု၍ ဦးမြအောင်၊ ဦးသိန်းထွန်း၊ ဦးနိုင်လင်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဦးမြအောင်
ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးများမှ ဒေါ်ခြင်မေ၊ ဒေါ်ရီရွှေ၊
ဒေါ်အေးမင်းသန်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဒေါ်အေးမင်းသန်း ကို မဲ အများ
ဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ ကျေးရွာငွေစာရင်းကိုင် ရွေးချယ်ရာတွင် ဒေါ်လှလှနွယ်၊
ဒေါ်ကြီးမြင့်၊ ဦးဇော်မင်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဦးဇော်မင်း ကို မဲအ
များဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ ကို အမျိုး
သားများမှ ဦးအုံးဝင်း၊ ဦးကြည်ရွှေ၊ ဦးတင့်လွင်ဦး တို့ကို မဲစနစ်ဖြင့် ရွေးချယ်
၍ ဦးအုံးဝင်း ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးများမှ
ဒေါ်သီတာဝင်း၊ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်ခင်ထားဝင်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး
ဒေါ်သီတာဝင်း ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ လည်ပတ်ထိန်းသိမ်း
ရေးဆပ်ကော်မတီတွင် အမျိုးသားများမှ ဦးတင့်လွင်ဦး၊ ဦးသန်းဇော်၊ ဦးပါ
တို့မှ ဦးတင့်လွင်ဦး ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးဘက်မှ
ဒေါ်ဝင်းဝင်းမာ၊ ဒေါ်အေးစန္ဒာမိုး၊ ဒေါ်ခင် တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဒေါ်ဝင်းဝင်းမာ
ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ ဝယ်ယူရေးကော်မတီတွင် အမျိုးသား
ဘက်မှ ဦးသန်းဇော်၊ ဦးငွေစုတတ်၊ ဦးဇော်မင်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍
ဦးသန်းဇော် ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးဘက်မှ
ဒေါ်အေးစန္ဒာမိုး၊ ဒေါ်ခင်အေးဝင်း၊ ဒေါ်ခင် တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍
ဒေါ်အေးစန္ဒာမိုး ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။

ဝေယံ အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးကော်မတီကို အမျိုးသားဘက်မှ ဦးပါ၊ ဦးမြေထွတ် ၊ ဦးသိန်းတို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဦးပါကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးဘက်မှ ဒေါ်ခင်အေးဝင်း၊ ဒေါ်အိမွှေ့ဇင် ၊ဒေါ်ဇင်မာ တို့ကို မဲစနစ်ဖြင့် ဒေါ်ခင်အေးဝင်းကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ဒုတိယ အကြိမ်အစည်းအဝေးတွင် ကျေးရွာလူထုသဘောဆန္ဒဖြင့် ကျေးရွာကော်မတီအဖွဲ့ကို ရွေးချယ်ခဲ့ပါသည်။ ကော်မတီအားလုံးကို မဲစနစ်ဖြင့် ရွေးချယ်၍ အနိုင်ရသူကို သာရွေးချယ်ခဲ့ပါသည်။ အစည်းအဝေးကို (၉:၀၀) နာရီတွင် ကျင်းပ၍ (၃:၀၀) နာရီတွင်ပြီးဆုံးသွားပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - ဒေါ်ချိုချိုမာ

ရာထူး - စေတနာ့ဝန်ထမ်း

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ-　　　　ရက်စွဲ-　　　　ရွာ-　　　　VDP ရက်စွဲ-

မြို့နယ်-　　　　ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- 　　 ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- 　　 ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- 　　 ၊